## စစ်အစိုးရက ကုလသမဂ္ဂဌာနေကိုယ်စားလှယ်ကို နေထိုင်ခွင့်ဆက်မပေးသည့်အပေါ် သုံးသပ်ချက်
## ၄ ဒီဇင်ဘာ ၂၀၀၇

ကုလသမဂ္ဂဌာနေကိုယ်စားလှယ် မစ္စတာချားလ်စ်ပက်ထရီကို မြန်မာစစ်အစိုးရက နိုင်ငံအတွင်း ဆက်လက်လက်မခံနိုင်တော့ဘူးလို့ နိုဝင်ဘာလ ၂ ရက်နေ့က အကြောင်းကြားစာပေးပို့ခဲ့ပါတယ်။ ဒါ့ကြောင့် ဒီကနေ့ဟာ မစ္စတာချားလ်စ်ပက်ထရီအတွက် မြန်မာနိုင်ငံမှာ နောက်ဆုံးနေထိုင်ခွင့်ရတဲ့နေ့ ဖြစ်ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့ ဒေါ်လှလှသန်းက စုစည်းတင်ပြထားပါတယ်။

မြန်မာနိုင်ငံမှာ ယူအန်ဒီပီ ဌာနေကိုယ်စားလှယ်အပြင် ကုလသမဂ္ဂရဲ့ လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းတွေကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သူ မစ္စတာချားလ်စ်ပက်ထရီအနေနဲ့ မြန်မာနိုင်ငံမှာ ဆင်းရဲမွဲတေမှုအခြေခံတဲ့ လူသားချင်းစာနာမှုဆိုင်ရာ စိုးရိမ်မကင်းမှုအခြေအနေအကြောင်း အောက်တိုဘာလ ကုလသမဂ္ဂနေ့မှာ အစီရင်ခံစာ ထုတ်ပြန်ခဲ့တဲ့အတွက် မြန်မာစစ်အစိုးရက သူ့ကို နေပြည်တော်ကိုဆင့်ခေါ်ခဲ့ပြီး သူ့အနေနဲ့ လုပ်ငန်းတာဝန်ထက် ဘောင်ကျော်တဲ့အတွက် မြန်မာနိုင်ငံမှာ ဆက် လက်မခံနိုင်တော့ဘူးလို့ အကြောင်းကြားစာပေးပို့ခဲ့တာဖြစ်ပါတယ်။

ဒါ့အပြင် စက်တင်ဘာလမှာ စစ်အစိုးရက လောင်စာဆီဈေးနှုန်းကို ရုတ်တရက်မြှင့်တင်မှုကနေ ဖြစ်ပွားခဲ့တဲ့ ရဟန်းရှင်လူတွေ ဆန္ဒပြမှုတွေကို အခြေခံတဲ့ စီးပွားရေးကျပ်တည်းမှုအကြောင်းအရင်းတွေကိုလည်း မစ္စတာချားလ်စ်ပက်ထရီက ထောက်ပြခဲ့တာဖြစ်ပါတယ်။ သူ့ကို မြန်မာနိုင်ငံမှာ ဆက် လက်မခံနိုင်တော့ဘူးဆိုတဲ့ အကြောင်းကြားစာနဲ့ပတ်သက်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာအီဘရာဟင် ဂမ်ဘာရီက မြန်မာနိုင်ငံကို နိုဝင်ဘာလဆန်းတုန်းကသွားရောက်ခဲ့စဉ် သူ မြန်မာစစ်အစိုးရကို ကုလသမဂ္ဂရဲ့ မကျေနပ်မှုကို တင်ပြခဲ့တယ်လို့ သူခရီးအပြန် ကုလသမဂ္ဂဌာနချုပ် သတင်းစာရှင်းလင်းပွဲမှာ အခုလို ပြောသွားခဲ့ပါတယ်။

> "မြန်မာစစ်အစိုးရဘက်က မစ္စတာချားလ်စ်ပက်ထရီကို လုပ်ငန်းတာဝန်ဆက်လက်ထမ်းဆောင်ခွင့် မပြုနိုင်တော့ဘူးလို့ ပြောခဲ့ပါတယ်။ ကျနော်ပြောခဲ့တာကတော့ ဒီကိစ္စနဲ့ပတ်သက်လို့ အတွင်းရေးမှူးချုပ်က သိပ်ကိုစိတ်ပျက်မိတယ်၊ တချိန်တည်းမှာပဲ ကုလသမဂ္ဂဌာနေအဖွဲ့နဲ့ မစ္စတာချားလ်စ်ပက်ထရီရဲ့ ဦးဆောင်မှုကို အတွင်းရေးမှူးချုပ်က အပြည့်အဝထောက်ခံတယ်လို့ ကျနော်ပြောခဲ့ပါတယ်။ ဒီ့နောက် ယာယီအစီအစဉ်တွေကို ဆွေးနွေးခဲ့တယ်" လို့ မစ္စတာဂမ်ဘာရီက ပြောပါတယ်။

ထိုစဉ်ကဆွေးနွေးခဲ့တဲ့ ယာယီအစီအစဉ်တွေထဲမှာတော့ မစ္စတာချားလ်စ်ပက်ထရီကို လက်မခံနိုင်ကြောင်း အကြောင်းကြားစာပေးပို့ခဲ့ပြီးနောက် သူ့ကို တလနေထိုင်ခွင့်ပြုဖို့၊ ဒီ့နောက် ယာယီဌာနေကိုယ်စားလှယ်တဦး ခန့်အပ်ဖို့၊ ဒီအတောအတွင်း အစားထိုးနိုင်မယ့် အမြဲတမ်းဌာနေကိုယ်စားလှယ်တဦး ရှာဖွေဖို့နဲ့ ကုလသမဂ္ဂလုပ်ငန်းတွေကို ညှိနှိုင်းဆောင်ရွက်ပေးမယ့် ဆက်သွယ်ရေးရုံးတရုံး မြန်မာနိုင်ငံမှာထားရှိဖို့ ဆွေးနွေးခဲ့တယ်လို့ မစ္စတာဂမ်ဘာရီက ပြောခဲ့ပါတယ်။

ကုလသမဂ္ဂက မြန်မာနိုင်ငံမှာ နိုင်ငံရေးပြဿနာ အဖြေရှာရာမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ကြားဝင်ဆောင်ရွက်ပေးဖို့အပြင် လူသားချင်းစာနာမှုပြဿနာဖြစ်တဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေးအတွက် ဆောင်ရွက်ပေးဖို့လည်း ပါဝင်တာဖြစ်ပါတယ်။ မစ္စတာဂမ်ဘာရီက သူ့ခရီးစဉ်အတွင်း မြန်မာစစ်အစိုးရကို ဒါကို တင်ပြခဲ့တယ်လို့ ဆိုပါတယ်။

> "ကုလသမဂ္ဂအနေနဲ့ပြောခဲ့တာက မြန်မာနိုင်ငံမှာ လူထုရဲ့မကျေနပ်မှုကိုအခြေခံတဲ့၊ အထူးသဖြင့် လူမှုရေး၊ စီးပွားရေးအခြေအနေကို မြန်မာစစ်အစိုးရအနေနဲ့ နားလည်သဘောပေါက်ဖို့က သိပ်ကိုအရေးကြီးတယ်ဆိုတဲ့ အကြောင်းပါပဲ။ ဒါကို အခြေခံကျယ်ပြန့်တဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေး ကော်မတီတရပ်ဖွဲ့စည်းပြီး မြန်မာနိုင်ငံမှာ ဆင်းရဲမွဲတေမှု၊ ဒုက္ခဆင်းရဲရောက်ရမှု အကြောင်းရင်းတွေကို အဲန်ဂျီအိုတွေအပါအဝင် ကော်မရှင်တရပ်ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်ဖို့နဲ့ အခုလိုလုပ်ဆောင်ရင် ကုလသမဂ္ဂအနေနဲ့ နည်းပညာ

အရ အကူအညီပေးဖို့ အဆင်သင့်ရှိတယ်” လို့ မစ္စတာဂမ်ဘာရီက ပြောခဲ့တဲ့အကြောင်း ပြောသွားတာဖြစ်ပါတယ်။

မစ္စတာဂမ်ဘာရီ မြန်မာနိုင်ငံကို နိုဝင်ဘာလဆန်းသွားရောက်ခဲ့တဲ့ ခရီးစဉ်အတွင်း မစ္စတာချားလ်စ်ပက်ထရီကိစ္စနဲ့ပတ်သက်လို့ မြန်မာစစ်အစိုးရနဲ့ နားလည်မှုရယူခဲ့သလို အခုဆို ယာယီဌာနေကိုယ်စားလှယ်အဖြစ်ဒန်ဘောကာကို ဒီဇင်ဘာလ ၅ ရက်နေ့မှာ စတင်တာဝန်ထမ်းဆောင်ဖို့ သဘောတူခဲ့တယ်လို့လည်း သံတမန်သတင်းရပ်ကွက်တွေက ဆိုပါတယ်။ အခုလို မစ္စတာချားလ်စ်ပက်ထရီကို နိုင်ငံအတွင်းမှာ ဆက်နေထိုင်ခွင့်မပေးတော့တဲ့အခြေအနေနဲ့ပတ်သက်လို့ စီးပွားရေးပညာရှင် ဦးစိန်ဌေးက မြန်မာ့စီးပွားရေးအပေါ်အခြေခံပြီး သုံးသပ်လိုက်ပါတယ်။

“လောလောဆယ် တိုင်းပြည်အခြေအနေဟာ နအဖပြောသလို တိုးတက်နေသလား၊ ပြည်သူလူထုက ဆင်းရဲနေသလားဆိုတာကတော့ ပြီးခဲ့တဲ့ ဩဂုတ်လ၊ စက်တင်ဘာလမှာ ပြည်သူလူထုက ဆင်းရဲနေလို့ ကုန်ဈေးနှုန်းတွေတက်နေပြီ၊ စားဝတ်နေရေးကျပ်တည်းနေတဲ့ပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးပါဆိုတဲ့ ဒီပြည်သူ့ဆန္ဒဖော်ထုတ်ပွဲကြီးက ရှင်းနေပါတယ်။ ဒါကတော့ နအဖ ဘယ်လိုမှ မငြင်းနိုင်ဘူး။ ဒါပေမယ့် နအဖကတော့ ထုံးစံအတိုင်းပဲ တိုင်းပြည်အပေါ်မှာ လိမ်ချင်တယ်၊ ကမ္ဘာကိုလိမ်ချင်တဲ့ အကျင့်နဲ့ သူ့ရဲ့အခြေအနေ အမှန်ကိုအမှန်အတိုင်း ကုလသမဂ္ဂတာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေက ဖော်ပြတဲ့အခါ သူက သူ့ရဲ့အရှက်ကိုခွဲတယ်ဆိုပြီး စိတ်ဆိုးတာပဲ။ ဒါကရှင်းတယ်။

“ဒီနေရာမှာ မစ္စတာချားလ်စ်ပက်ထရီက ဘာပြောခဲ့သလဲဆိုတော့ မြန်မာနိုင်ငံမှာ ပြည်သူလူထုအများစု အခြေခံလူတန်းစားဟာ အိမ်ထောင်စုဝင်ငွေရဲ့ အသုံးစရိတ်မှာ ငွေ ၁၀၀ ရရင် အစားအစာအတွက် ၇၀ ရာခိုင်နှုန်းလောက်ဖြစ်နေပြီဆိုတော့ အတော်ဆင်းရဲနေပြီ။ ထိုင်းနိုင်ငံမှာဆိုရင် အစားအစာအတွက်က ၃၂ ရာခိုင်နှုန်းလောက်ပဲကုန်တယ်။ ကျနော်တို့ထက်အခြေအနေဆိုးခဲ့တဲ့ ဘင်္ဂလားဒေ့ရှ်တောင်မှ ၅၇ ရာခိုင်နှုန်းပဲရှိတယ်။ မြန်မာပြည်ဘယ်လောက်ဆိုးတယ်ဆိုတာ ဒီအချက်က သိပ်သိသာနေပြီ။

“နောက်တချက်က တိုင်းပြည်မှာ လယ်သမားတွေ စိုက်ပျိုးရေးကဏ္ဍမှာ နအဖက မြေယာတွေကိုလိုသလိုကျယ်ကျယ်ပြန့်ပြန့်သိမ်းနေတဲ့ပြဿနာဟာ ကျေးလက်နေလူတွေရဲ့ ဆင်းရဲမှု၊ အလုပ်အကိုင်ရှာဖွေမှုက သိပ်ခက်နေတယ်။ ဒါကြောင့် လူတွေဟာ အလုပ်ရဖို့အတွက် အိမ်နီးချင်းနိုင်ငံတွေကို သွားကြရတယ်။ အထူးသဖြင့် နှစ်စဉ်နှစ်စဉ် အမျိုးသမီးငယ်လေးတွေ တသောင်းလောက်ဟာ ထိုင်းနိုင်ငံမှာရှိနေတဲ့ ပြည့်တန်ဆာခန်းတွေရောက်ဖို့ နယ်စပ်ကို လူကုန်ကူးခြင်းခံရတယ်။

“နောက် ၅ နှစ်အောက်ကလေးတွေဟာ အလွန်အင်မတန် အာဟာရချို့တဲ့နေပြီ။ အထူးသဖြင့် နယ်စပ်ဒေသတွေမှာ ကလေး ၅ ယောက်ရှိရင် ၃ ယောက်လောက် အာဟာရချို့တဲ့တယ်။ တိုင်းပြည်ရဲ့အဓိကအရေးအကြီးဆုံး Poverty လို့ခေါ်တဲ့ တိုင်းပြည်ဆင်းရဲမှုစံနှုန်းဟာ ၃၀ ရာခိုင်နှုန်းကျော်တောင် ရှိနေပြီ။ အထူးသဖြင့် နယ်စပ်ဒေသတွေဆိုရင် ၇၀ ရာခိုင်နှုန်းလောက်တောင်ရှိနိုင်တယ်ဆိုတော့ ကမ္ဘာမှာ အဆိုးဆုံး အခြေအနေ ဖြစ်နေပါပြီ။ ဒါကြောင့် နအဖ စိတ်ဆိုးတာပါပဲ။ ဒါက ချားလ်စ်ပက်ထရီပြောတာပါ။

“မစ္စတာချားလ်စ်ပက်ထရီပြောတာနဲ့ သူတို့ပြောတာ ကွာဟတဲ့အကြောင်းက ဘာကြောင့်လဲဆိုတာ ကျနော်က ထပ်ဖြည့်ပြောချင်ပါတယ်။ အဓိက နအဖအနေနဲ့ တိုင်းပြည်ကို ၈၈ အရေးအခင်းပြီးကတည်းက နိုင်ငံရေးမှာ ဒီမိုကရေစီကိုသွားပါမယ်၊ ရွေးကောက်ပွဲလုပ်ပေးပါ့မယ်ဆိုပြီး နိုင်တဲ့ပါတီကို မပေးဘဲနဲ့လိမ်ထားတယ်။ တိုင်းပြည်မှာ စီးပွားရေးအားဖြင့် သူတို့အုပ်စိုးတဲ့အခါ စီးပွားရေးတိုးတက်နေပါတယ်ဆိုတာတချိန်လုံးပြောခဲ့ရတယ်။ အထူးသဖြင့် ကိန်းဂဏန်းများနဲ့လိမ်တယ်။ ဒါ မဆလခေတ်ကတည်းက လိမ်ခဲ့တာပါ။ အခု သူတို့က ပိုဆိုးတယ်။ မနှစ်ကဆိုရင် တိုင်းပြည်ဝင်ငွေဟာ ၁၃ ရာခိုင်နှုန်းလောက်တက်တယ်လို့ပြောခဲ့တော့ တိုင်းပြည်အခြေအနေကို ကိန်းဂဏန်းနဲ့လိမ်လို့ရပေမယ့် အခြေအနေမှန်ကို လိမ်လို့မရဘူး။ ဒီလိုလိမ်တာကို ချားလ်စ်ပက်ထရီက ဖော်ထုတ်သလိုဖြစ်တဲ့အတွက် သူတို့အရှက်တကွဲအကျိုးနည်းဖြစ်တဲ့အတွက် မစ္စတာချားလ်စ်ပက်ထရီက ဘောင်ကျော်တယ်ဆိုပြီး တိုင်းပြည်ကနေ နှင်ထုတ်တာပါပဲ”
စီးပွားရေးပညာရှင် ဦးစိန်ဌေး ပြောပြသွားတာဖြစ်ပါတယ်။